## August 1 (ဩဂုတ် ၁)

**လျှာသည် အသက်သေခြင်းနှင့် ရှင်ခြင်းကို အစိုးရ၏။ (သု ၁၈း၂၁)**

လျှာ၏ဩဇာလွှမ်းမိုးမှုသည် ပေါင်းစည်းထားသော အခြားအင်္ဂါများအားလုံးထက်သာလွန်ပါသည်။ ထို့ကြောင့် ဘုရားသခင်၏အမှုတော်မြတ်၌ ၎င်းကိုထိန်းသိမ်းရန်သည် သူတို့၏သေတတ်သောကိုယ်ခန္ဓာများနှင့် ဘုရားသခင်အား ပြန်လည်ပေးဆပ်သော သူတို့၏ အစေခံခြင်းနှင့်ပတ်သက်၍ ဘုရားသခင်၏ လူတို့အတွက်အလွန်အရေးကြီးသောအလုပ်ဖြစ်ပါသည်။ ချစ်ခြင်း၊ သနားကြင်နာခြင်း ကူညီမစခြင်းနှင့်စပ်ဆိုင်သော အနည်းငယ်သောစကားလုံးများသည် လူ့ဘဝအသက်တာတခုလုံးအား မည်မျှလောက် ပြောင်းလဲစေခဲ့သည်မဟုတ်ပါလော!။ လူမျိုးအသီးသီးတို့၏ ဘဝကံကြမ္မာကို လွှမ်းမိုးခြင်းနှင့်အတူလုပ်ဆောင်ရန် မည်မျှလောက်ရှိခဲ့သည်မဟုတ်ပါလော!။ မကောင်းသည့်စကားများ၊ မကြင်နာသည့်စကားများ၊ သိက္ခာကျအောင်အတင်းပြောဆိုသောစကားများ၊ ကြမ်းတမ်း၍မမျှတခြင်းများပြုလုပ်ခြင်း၊ ကျော်ကြားမှုများအားလုပ်ကြံခြင်း၊ စသဖြင့် မည်မျှလောက်ရှိသည်မဟုတ်ပါလော!။လျှာ၏ သဘောသဘာဝကို မီးနှင့်လောင်ကျွမ်းစေပါဟု တမန်တော်မှပြောဆိုသည့်အတိုင်း မုန်းခြင်းခိုက်ရန်ဖြစ်ခြင်း၊ ရန်လိုခြင်းများကို (သတိပြုမိခြင်း) နိုးဆွစေခြင်းများကို ဦးစွာမတွေးတောမစဉ်းစားပါနှင့်။ ဤကဲ့သို့သောလျှာအား "ဂေဟနာ်" Gehenna မီး(ဒုတိယသေခြင်း)နှင့်ရှို့ရန် သူပြောဆိုခဲ့ခြင်းသည် အံ့ဩဘွယ်ရာမဟုတ်ပါ။

## August 2 (ဩဂုတ် ၂)

**လာကြ။ ပြပ်ဝပ်၍ကိုးကွယ်ကြကုန်အံ့။ ငါတို့ကို ဖန်ဆင်းတော်မူသော ထာဝရဘုရား၏ ရှေ့တော်၌ ဒူးထောက်ကြကုန်အံ့။ (ဆာ ၉၅း၆)**

ဆုတောင်းခြင်းမရှိဘဲ ဤအရာမက ဆုတောင်းခြင်း၌ ပုံမှန်မရှိလျှင်၊ ရွှေ ငွေ၊ ကျောက်ကောင်းများဖြင့် ရေးဖွဲ့သီကုံးထားသကဲ့သို့ တမန်တော်အားဖြင့် ရည်ညွှန်းထားခဲ့သော စရိုက်လက္ခဏာတခုနှင့် ယုံကြည်ခြင်းအဆောက်အအုံကိုတည်ဆောက်ရန်နှင့် ဘဝအသက်တာ၌ မပြောင်းလဲသော လျှောက်လှမ်းခြင်းကို သင့်လျော်စွာထိန်းသိမ်းရန်သည် မည်သည့်ခရစ်ယာန်အတွက်မဆို မဖြစ်နိုင်ဟု ကျွန်ုပ်တို့၏ စီရင်ခြင်းဖြစ်ပါသည်။ ဒူးထောက်ခြင်းမရှိဘဲ ဟူ၍ ကျွန်ုပ်တို့သည် ပို၍ပြောချင်ပါသည်။ အသက်ရှင်ခဲ့ကြသော ဘုရားသခင်၏ လူတို့၏ အကောင်းဆုံးနှင့်အစစ်မှန်ဆုံးသောအတွေ့အကြုံများနှင့် သက်သေခံချက်များသည် ဤအရာကို ထောက်ခံမည်ဟု ကျွန်ုပ်တို့ယုံကြည်ပါသည်။

## August 3 (ဩဂုတ် ၃)

**သို့ဖြစ်၍ ဘိုးဘေးတို့၏ ဘုရားသခင် ထာဝရဘုရားအား တောင်းပန်ကြလော့။အလိုတော်အတိုင်း ပြုလျက်၊ ဤပြည်သားတို့နှင့်၄င်း၊ တပါးအမျိုးသားမိန်းမတို့နှင့်၄င်း ကွာကြလော့ဟု သူတို့အားဆို၏။**

**(ဧဇရ ၁၀း၁၁)**

လောကဌ်ရှိသော ခရစ်ယာန်သည် သမုဒ္ဒရာဌ်ရှိသော သင်္ဘောတစင်းနှင့်တူသည်ဟု တစုံတဦးသည် ကောင်းစွာပြောဆိုခဲ့ပါသည်။ သမုဒ္ဒရာရေသည် သင်္ဘောထဲဌ်မရှိသ၍ ကာလပတ်လုံးသင်္ဘောသည် သမုဒ္ဒရာဌ်လုံခြုံမှုရှိပါသည်။ ဒီကနေ ခရစ်ယာန်ဘာသာနှင့်အတူကြီးစွာသော အခက်အခဲများထဲမှတခုမှာ ဤပြည်သားတို့ကို၄င်း၊ တတိုင်းတပြည်သား (လူစိမ်းများ)တို့ကိုဝင်ခွင့်ပြုလျက် ခရစ်ယာန်များအဖြစ် သူတို့အားသိမှတ်ခြင်းဖြစ်ပါသည်။ သူတို့၏ "စံ" များအား နိမ့်ကျစေခြင်းအားဖြင့် (ပျမ်းမျှစံနှုန်းကိုသာလျှင် "စံ"အဖြစ်တွေးတောစဉ်းစားကြလိမ့်မည်) ခရစ်ယာန်များကို နာကျင်စေရုံသာမကဘဲ၊ ပြောင်းလဲခြင်းမလိုအပ်ဘဲ သူတို့ကို သူတို့ အပြည့်အဝလုံခြုံမှုရှိသည်ကို ယုံကြည်ရန် များစွာသောသူတို့အားဖြစ်ပေါ်စေခြင်းအားဖြင့် ဤပြည်သားတို့ကို၄င်း၊ တပါးအမျိုးသားများ၊ (လူစိမ်း)တို့ကိုလည်း နာကျင်စေပါသည်။အဘယ်ကြောင့်ဆိုသော် သူတို့သည် အပြင်ပန်းဆိုင်ရာသိမှတ်လက်ခံလျက် အသင့်အတင့်ကောင်းမွန်သောသူများဖြစ်ကြပြီး၊ အများနှင့်ဆိုင်သော စည်းဝေးခြင်းဌ် မကြာခဏတက်ရောက်နိုင်သောကြောင့်လဲဖြစ်ပါသည်။

## August 4 (ဩဂုတ် ၄)

**သခင်ဘုရား၏ ကျွန်သည်ရန်မတွေ့ရ။ခပ်သိမ်းသောသူတို့အား ဖြည်းညင်းစွာပြုသောသူ၊ ဆုံးမဩဝါဒပေးခြင်းအမှု၌ လိမ္မာသောသူ၊ သည်းခံနိုင်သောသူဖြစ်ရမည်။ ဆီးတာငြင်းခုံသောသူတို့ကို နူးညံ့သိမ်မွေ့စွာဆုံးမရမည်။ သမ္မာတရားကို ဝန်ခံခြင်းအလို၄ှာ နောင်တကို ဘုရားသခင်ပေးကောင်းပေးတော်မူ၍။**

**(၂တိ ၂း၂၄၊ ၂၅)**

ဘုရားသခင်၏ ချစ်လှစွာသော အချို့သောလူတို့သည် အခြားသူတို့အား ဘုရားသခင်၏အကြံအစည်ကို ပြောဆိုခြင်း၌ အလွန်ကြီးစွာသော ကိုယ့်ကိုကိုယ်ယုံကြည်စိတ်ချ၊ ကိုယ်အစွမ်းအစကိုယုံကြည်ကိုးစားခြင်း၏ ပမာဏကိုပြသခြင်းအားဖြင့် သမ္မာတရား၌ သူတို့၏ဩဇာလွှမ်းမိုးမှုကိုကြီးစွာထိခိုက်စေခဲ့ကြပါသည်။ အထူးသဖြင့်လေ့လာသူတို့အားထိခိုက်စေပါသည်။နူးညံ့သိမ်မွေ့ခြင်းသည် မည်သည့်နေရာမှာပဲ တွေ့တွေ့ ကျောက်မျက်ရတနာတပါးဖြစ်ပြီး၊ အထူးသဖြင့် သမ္မာတရားအား တွယ်တာသော ကြိုးတကြိုးအဖြစ် လိုလားအပ်ပါသည်။သမ္မာတရားအား သယ်ဆောင်နိုင်သမျှအတိုင်း ခွန်အားအစွမ်းသတ္တိအားလုံးနှင့်အတူ ပစ်လွှတ်ကြပါစို့ သို့သော်အမြဲတမ်းနူးညံ့သိမ်မွေ့ခြင်းနှင့်အတူ နှိမ့်ချခြင်းနှင့်အတူဖြစ်ပါသည်။ သမ္မာတရားအား တွေးခေါ်ရန် တင်ပြသည့်စိတ်ကူးအကြံပေးခြင်းနှင့်စပ်ဆိုင်သောမေးခွန်းပုံစံသည် အလွန်ပြင်းထန်သည်ကို မကြာခဏတွေ့ရှိလိမ့်မည်ဖြစ်ပါသည်။

## August 5 (ဩဂုတ် ၅)

**ဘုရားသခင်ကိုချစ်သောသူတည်းဟူသော ကြံစည်တော်မူခြင်းအတိုင်း ခေါ်တော်မူသောသူတို့၏ အကျိုးကိုခပ်သိမ်းသောအရာတို့သည် တညီတညွတ်တည်းပြုစုကြသည်ကို ငါတို့သိကြ၏။(ရောမ ၈း၂၈)**

ဤအရာကို အောက်မေ့သတိရလျက် ဘုရားသခင်၏လူတို့သည် သူတို့အတွက် သတ်မှတ်ထားသည်ဟု ထင်မြင်ရသော ဘုရားသခင်၏ကြည့်ရှုပြုစုခြင်း၊ မစခြင်းအားလုံးတို့နှင့်အတူ တင်းတိမ်ရောင်ရဲမှုရှိသင့်ကြပါသည်။ ပျင်းရိခြင်း၌မဟုတ်ဘဲ သူတို့၏လက်များလုပ်ဆောင်ရန်တွေ့ရှိသော အရာအားလုံးကို သူတို့သည် လုပ်ဆောင်ပြီးစီးသောအခါ မပျော်ရွှင်နိုင်သော၊ စိတ်ဆိုးသော၊ စိတ်ပျက်သော၊ ဘုရားသခင်နှင့်သူ၏ကြည့်ရှုစောင့်ထိန်းခြင်းများကို အပြစ်တင်သောသူမဟုတ်ဘဲ တင်တိမ်ရောင့်ရဲမှုရှိသင့်ကြပါသည်။အထူးအစေခံခြင်းအချို့အတွက် ကျွန်ုပ်တို့တဦးချင်းစီအား ဘုရားသခင်သည် ပုံသွင်းပြင်ဆင်လျက်နေသည်မှာဖြစ်နိုင်ပါသည်။ ထိုခွင့်ပြုခဲ့သော အတွေ့အကြုံများအားဖြင့်သာလျှင် ထိုအစေခံခြင်း(အမှုတော်)အတွက် ကျွန်ုပ်တို့အား ပြင်ဆင်လိမ့်မည်ဖြစ်ပါသည်။

ကျွန်ုပ်တို့၏ မစုံလင်ခြင်းများကို စီရင်ရန်အတွက် ကျွန်ုပ်တို့သည် မတတ်စွမ်းနိုင်သောသူများ(မလုံလောက်သောသူများ)ဖြစ်ကြသည်ကို မှတ်မိကြရမည်ဖြစ်ပါသည်။ထို့ကြောင့် ကျွန်ုပ်တို့အတွက် အလွန်အကူအညီဖြစ်လိမ့်မည်ဖြစ်သော အတွေ့အကြုံများကိုစီရင်ရန် ကျွန်ုပ်တို့သည် မတတ်နိုင်သောသူများ ဖြစ်ကြပါသည်။

## August 6 (ဩဂုတ် ၆)

**ထို့ကြောင့် ဘုရားသခင်၏အလိုတော်သို့လိုက်ကြလော့။မာရ်နတ်ကို ဆီးတားကြလော့။သို့ပြုလျှင် သူသည်သင်တို့ထံကပြေးသွားလိမ့်မည်။ (ယာကုပ် ၄း၇)**

စုံစမ်းနှောင့်ယှက်ခြင်းအား ကျွန်ုပ်တို့၏ငြင်းပယ်ခြင်း၌ ကျွန်ုပ်တို့သည် စစ်မှန်စွာရှိသည်ဆိုလျှင် ကျွန်ုပ်တို့စရိုက်လက္ခဏာ၏ခွန်အားကိုတိုးပွားစေပါသည်။ ထိုအချိန်အတွက်သာမက နောက်ဖြစ်မည် စုံစမ်းနှောက်ယှက်ခြင်းများအတွက်လည်းတိုးပွားစေပါသည်။ ၄င်းသည် ကျွန်ုပ်တို့၏စစ်မှန်မှုကို သတိပြုလျက်ရှိသော ကျွန်ုပ်တို့၏ရန်သူအား အတိုင်းအတာတခုအထိမကြံစည်နိုင်အောင် (စိတ်ကသိကအောင့်ဖြစ်အောင်) ဖြစ်စေပါသည်။ ခိုင်မာသောခံယူချက်များနှင့် စစ်မှန်သောစရိုက်လက္ခဏာများ၌ ရှိသောသူတို့နှင့်အတူ ဆွေးနွေးရန်သည် အသုံးမဝင်ဟု သူသည် ကောင်းစွာသိရှိပါသည်။အကယ်၍ ရန်သူနှင့်ဆွေးနွေးတိုင်ပင်သော် ရန်သူအပိုင်းမှ နောက်ထပ်ကျိုးကြောင်းဆီလျော်ခြင်းနှင့် အကြောင်းပြချက်များအတွက်(ငြင်းခုံခြင်း)ရှေ့သို့တိုးခြင်းတခုကို ရလဒ်အဖြစ် အမှန်တကယ်ရှိလာလိမ့်မည်ဖြစ်ပြီး ငြင်းခုံဆွေးနွေးခြင်း၌ ကျွန်ုပ်တို့သည် အနိုင်ယူခြင်းခံရလိမ့်မည်ဖြစ်သော အန္တရာယ်၌ ကျွန်ုပ်တို့သည်ရှိကြပါသည်။အဘယ်ကြောင့်ဆိုသော် တမန်တော်မှ ပြောဆိုသည့်အတိုင်း မာနတ်သည် အလွန်ပါးနပ်သောရန်သူတဦးဖြစ်ပြီး ကျွန်ုပ်တို့သည် သူ၏လှည့်စားခြင်းများကို မသိနားမလည်နိုင်ပါ။ ဘုရားသခင်၏နုတ်ကပတ်တော်ကို ချက်ချင်းတုံ့ပြန်သော စစ်မှန်သည့်နာခံခြင်းအားဖြင့်သာလျှင် မည်သည့်ညီအစ်ကိုများအတွက်မဆို လုံခြုံသောလမ်းကြောင်းဖြစ်ပါသည်။

## August 7 (ဩဂုတ် ၇)

**ပွဲ၌လူချင်းတိုက်သောသူမည်သည်ကား၊ ထုံးတမ်းအတိုင်းမတိုက်လျှင် ပန်းဦးရစ်ကိုမရ။(၂တိ ၂း၅)**

သခင်ယေရှုသည် ဘုရားသခင်၏ အချိန်များ၊ ကာလများနှင့်နည်းလမ်းများကို သေချာစွာစောင့်ကြည့်လျက် ဂရုပြုပါသည်။သူ၏ရန်သူများ၏လက်ထဲသို့ အပ်နှံခြင်းခံရမည့် သူ၏အချိန်နာရီရောက်လာပြီဟု ပရောဖက်များမှ သူသိမြင်နားလည်ခဲ့သည့်တိုင်အောင် (အထိ) သူ၏အသက်တာကို ဂရုမဲ့စွာ၊ (ပရမ်းပတာ) ဘယ်တော့မှ မပြသခဲ့ပါ။ လူများကြားဖို့ရန် လမ်းဆုံလမ်းဝ၌ သူသည်ရှည်လျားသောဆုတောင်းခြင်းများကိုမပြုလုပ်ခဲ့ပါ။ "အော်ဟစ်ခြင်း၊ ကြွေးကြော်ခြင်းကို မပြုမူ၍ လမ်းခရီး၌ သူ၏အသံကို အဘယ်သူမျှမကြားရ" ဟု ပရောဖက်ပြောဆိုခဲ့သည့်အတိုင်း ကျယ်လောင်၍ ဒေါသထွက်သော စကားနှင့်အတူ လူပရိသတ်တို့အား တိုက်တွန်းခဲ့ခြင်းမရှိပါ။ (ဟေရှာ ၄၂း၂) ၊ဂတိထားတော်မူသော နိုင်ငံတော်၏ အမွေခံဖို့ရန်အတွက် သူအလိုတော်ရှိသော အတန်းအစားကို လူတို့အထဲမှ ရွေးချယ်တော်မူခြင်း၌ အကျိုးကျေးဇူးရှိပြီး ကျိုးကြောင်းစီးလျော်၍ ဉာဏ်ပညာနှင့်ပြည့်စုံသော ဘုရားသခင်၏ နည်းလမ်းကို သူသည် ရွေးချယ်ပါသည်။ သခင်၏ ဤခြေတော်ရာများအမှတ်လက္ခဏာနှင့် ဆုကိုရရှိရန်ကဲ့သို့ ပြေးကြမည့်သူတို့သည် သခင်၏စိတ်သဘောနှင့်အတူပို၍ပို၍ပြည့်ဝကြပါစို့။

## August 8 (ဩဂုတ် ၈)

**မည်သည့်အိမ်သို့ဝင်သောအခါ ဤအိမ်၌မင်္ဂလာဖြစ်ပါစေသောဟု ရှေးဦးစွာပြောကြလော့။ထိုအိမ်၌မင်္ဂလာသားရှိလျှင်၊ သင်တို့မြွက်သော မင်္ဂလာသည် တည်လိမ့်မည်။သို့မဟုတ်သင်တို့ထံသို့ပြန်လာလိမ့်မည်။ (လုကာ ၁၀း၅၊၆)**

ယခုမျက်မှောက်ရိတ်သိမ်းခြင်း၌ လုပ်ဆောင်သောသူအယောက်စီတိုင်းသည် ဤအခန်းငယ်များ၌သခင်၏ညွှန်ကြားချက်များကိုကောင်းစွာသတိပြုသင့်ပါသည်။ သခင်ဘုရား၏ကိုယ်စားလှယ်သည် မည်သည့်နေရာသို့သွားသွားမင်္ဂလာသည်(ငြိမ်သက်ခြင်း)သွားသင့်ပါသည်။ ဝိရောဓိအခြေအနေများ၊ ရှုပ်ထွေးခြင်းများ၊စနစ်တကျမရှိသောအခြေအနေများနှင့်၊ ဒေါသဖြင့်ငြင်းခုံခြင်းများမသွားသင့်ပါ။ စစ်မှန်သောသမ္မာတရားသည်ဆန့်ကျင်ခြင်းကိုပေါ်ထွက်လိမ့်မည်ဖြစ်သော(နှုတ်ကပတ်တော်)ဓါးတစ်လက်ဖြစ်ရန် သက်သေပြလိမ့်မည်ဖြစ်ပါသည်။ ဆန့်ကျင်ခြင်းနှင့်ကွဲပြားခြင်းကိုဖြစ်ပေါ်စေသော သမ္မာတရားဖြစ်သည်ဆိုသော်လည်း သခင်ဘုရား၏ ကိုယ်စားလှယ်များ၏အပိုင်းတွင် စကား(သို့)အပြုအမူ၌ မည်သည့်ကြမ်းတမ်းခြင်းမဆို (သို့)မည်သည့်မကြင်နာခြင်းမဆိုမရှိပါ။ ကျွန်ုပ်တို့၏ အလုပ်ရှုပ်နေသော ဤနေ့ရက်ကာလ၌ လူသားတို့အား စိတ်အနှောက်အယှက်ဖြစ်စေသောအရာများစွာရှိကြပါသည်။ထို့ကြောင့် သမ္မာတရားကို လက်ခံရရှိခဲ့ကြသောသူအားလုံးတို့သည် "ယေရှုခရစ်အားဖြင့် ငြိမ်သက်ခြင်းကိုပြောဆိုသည့်" သမ္မာတရား၏ စိတ်သဘောကိုလည်းလက်ခံသင့်ကြပါသည်။

## August 9 (ဩဂုတ် ၉)

**သင်၏အလင်းသော်ကား၊ မှောင်မိုက်ဖြစ်လျှင် ထိုအမိုက်သည် အလွန်မိုက်စွတကား။ (မ ၆း၂၃)**

ရိတ်သိမ်းခြင်းသည် ဂျူးစပါးကိုဆန်ခါချခြင်းအတွက် အချိန်ကာလတခုဖြစ်ပါသည်။ သီးခြားဖြစ်စေသော ခွဲခြားသည့်အချိန်ကာလတခုဖြစ်ပါသည်။ ကိစ္စအလုံးစုံကိုပြီးစီး၍ ခံရပ်နိုင်သူများအဖြစ် ကျွန်ုပ်တို့၏ စရိုက်လက္ခဏာများကို သက်သေပြရန်အယောက်စီတိုင်းအတွက်တခုတည်းသောအချိန်ကာလတခုတည်ဖြစ်ပါသည်။ ဤရိတ်သိမ်းခြင်းနှင့်စပ်ဆိုင်သော စစ်ဆေးခြင်းများသည် ပုံဆောင်သောရိတ်သိမ်းခြင်း (သို့)ဂျူးတို့နှင့်တူကြရမည် ဖြစ်ပါသည်။ ထိုအထဲမှတခုသည် ကားတိုင်ဖြစ်ပြီးအခြားတခုသည် ခရစ်တော်၏ မျက်မှောက်တွင်ရောက်ရှိနေခြင်း၊အခြားတခုသည် နှိမ့်ချခြင်းနှင့် နောက်အခြားတခုမှာ ချစ်ခြင်းမေတ္တာဖြစ်ပါသည်။ဂျူးတို့မှာ အပြစ်တင်ဆုံးမခြင်းခံကြရပါသည်။ အဘယ်ကြောင့်ဆိုသော် သူတို့၏ ဖိတ်ခေါ်ခြင်းနှင့်စပ်ဆိုင်သောအချိန်ကို သူတို့မသိခဲ့ကြသောကြောင့်ဖြစ်ပါသည်။ လက်ရှိ သမ္မာတရား၏ အလင်းကိုတွေ့မြင်ခဲ့ပြီး ထိုနောက်မှမှောင်မိုက်ထဲသို့သွားသောသူတို့အတွက် အခြေအနေမှာပိုမို၍ စိတ်ကိုရှုပ်ထွေးစေပါသည် (သို့) ဆိုးဝါးပါသည်။

## August 10 (ဩဂုတ် ၁၀)

**ထို့ကြောင့် ခရစ်တော်၌သက်သာခြင်း၊မေတ္တာနှင့်စပ်ဆိုင်သော ချမ်းသာခြင်း၊ဝိညာဉ်တော်နှင့်မိသာဟာရဖွဲ့ခြင်း၊ သနားစုံမက်ခြင်းတည်းဟူသော အရာတစုံတခုရှိလျှင် သင်တို့သည် အချင်းချင်းချစ်ကြ၍ စိတ်မကွဲပြားဘဲတလုံးတဝတည်းကြံစည်ခြင်းနှင့်တကွ၊ သဘောတညီတညွတ်တည်းရှိသောအားဖြင့် ငါ၀မ်းမြောက်စရာအကြောင်းကို စုံလင်စေကြလော့။ (ဖိ ၂း ၁၊၂)**

ဤအရာတို့သည် တလုံးတဝတည်းကြံစည်ခြင်း၊ ငြိမ်သက်ခြင်းနှင့်ညီအစ်ကိုချင်းချစ်ခြင်းမေတ္တာဆိုင်ရာကြင်နာခြင်းအတွက် ကြီးစွာသောတိုက်တွန်းနှိုးဆော်ချက်များဖြစ်သည်မဟုတ်ပါလော! ၊သည်းခံခြင်း၊စိတ်ရှည်ခြင်းနူးညံသိမ်မွေ့ခြင်း၊ကူညီမစခြင်းနှင့် အသင်းတော်၌ တယောက်နှင့်တယောက်အားပေးနှစ်သိမ့်ရန် ကျွန်ုပ်တို့အား မည်မျှလောက်အကြံပေးထားသည်မဟုတ်ပါလော!၊ ဤသို့အားဖြင့် သခင်ဘုရား၏စိတ်သဘောသည် ကျွန်ုပ်တို့အားလုံးတို့၌ ပေါကြွယ်ဝနိုင်မည်ဖြစ်ပြီး အယောက်စီတိုင်းသည် မှန်ကန်သောလမ်း၌ အကြီးမားဆုံးဖြစ်နိုင်သည့် တိုးတက်မှုကို ပြုလုပ်နိုင်မည်ဖြစ်ပါသည်။ ချစ်လှစွာသော ညီအစ်ကိုများနှင့် ညီအစ်မများခင်ဗျားညီအစ်ကိုများကို နှစ်သိမ့်အားပေးသော နှစ်သိမ့်သောသူ ဗာနဗ၏အမည်နှင့် ပို၍ပို၍ ထိုက်တန်သောသူများဖြစ်ကြပါစို့၊ အဘယ်ကြောင့်ဆိုသော် ဤအရာသည် ဘုရားသခင်၏ ကောင်းသော ဝမ်းမြောက်ပျော်ရွှင်မှုဖြစ်သောကြောင့် ဖြစ်ပါသည်။ ကျွန်ုပ်တို့၌ ကြွယ်ဝစွာတည်ရှိသော ဝိညာဉ်တော်နှင့်အတူ ခမည်းတော်၏ကိုယ်စားလှယ်များနှင့် သန့်ရှင်းသောဝိညာဉ်တော်၏ စီးဆင်းရာလမ်းကြောင်းများကဲ့သို့နည်းတူ သမ္မာတရား၏ စီးဆင်းရာလမ်းကြောင်းများအဖြစ် ဇီအုန်၌နှစ်သိမ့်ခြင်း၏ သားများ၊ သမီးများ အားလုံးဖြစ်နိုင်မည်ဖြစ်ပါသည်။

## August 11 (ဩဂုတ် ၁၁)

**သေထိတိုင်အောင်သစ္စာစောင့်လော့။သို့ဖြစ်လျှင်အသက်သရဖူကို ငါပေးမည်။ (ဗျာ ၂း၁၀)**

စစ်မှန်သောအသင်းတော်အပေါ်တွင် (အမည်ခံစနစ်အပေါ်တွင်မဟုတ်) ဒုတိယအကြိမ် ထိုးနက်ခြင်း (တိုက်ခိုက်ခြင်း) တခုကို ကျွန်ုပ်တို့သည် ကြိုတင်မျှော်လင့်ထားကြရမည်ဖြစ်ပါသည်။ ဗတ္တိဇံယောဟန်၏ အတွေ့အကြုံ၌ကဲ့သို့ ဇာတိပကတိ၌ ခရစ်တော်ကိုယ်၏ သစ္စာရှိသော အင်္ဂါများအပေါ် ဗာဗုလုန်နှင့်ဆိုင်သော မိန်းမနှင့် သူမ၏ခင်ပွန်း (လင်ငယ်) လောက၏ ဒုတိယအကြိမ်ပြည့်စုံသောအောင်မြင်ခြင်းဖြစ်ပုံပေါ်သည်ဟု ဆိုလိုနိုင်ပါသည်။ ထိုကဲ့သို့ရလဒ်များရှိခဲ့သော် ကျွန်ုပ်တို့သည် အသေအချာအံ့ဩခြင်းရှိလိမ့်မည်မဟုတ်ပါ။ သို့သော် ဤအရာနှင့် ခပ်သိမ်းသောအရာတို့သည် ဘုရားသခင်ကို ချစ်သောသူတို့အား ကောင်းသောအရာ အဘို့တညီတညွတ်တည်းပြုစုကြရမည်ဖြစ်ပါသည်။ကုလားကာ၏နောက်ကွယ်၌ ကျွန်ုပ်တို့၏ကောင်းကင်ဘုံ ဆိုင်ရာဆုကိုရရှိရန် ကျွန်ုပ်တို့သည် သေကြရမည်ဖြစ်ပါသည်။ ကုလားကာ၏ ဤဘက်မှ ဧလိယအတန်းအစားသည်အောင်နိုင်ခြင်းခံရလိမ့်မည်ဖြစ်ပါသည်။ သို့သော် ထင်ရှားသောအရှုံးကသာလျှင် (အနိုင်ခံရခြင်းကသာလျှင်) နိုင်ငံတော်ဘုန်းအသရေများကို လျှင်မြန်စေပါသည်။

## August 12 (ဩဂုတ် ၁၂)

**မိမိမှားယွင်းခြင်းကိုအဘယ်သူသည် နားလည်နိုင်သနည်း။ မထင်ရှားသောဒုစရိုက်အပြစ်နှင့်အကျွန်ုပ်ကိုကင်းစင်စေ၍၊ ရဲရင့်သောဒုစရိုက်ကိုလည်း ကိုယ်တော်၏ကျွန်သည် မပြုရမည်အကြောင်းဆီးတားတော်မူပါ။ဒုစရိုက်အပြစ်သည် အကျွန်ုပ်ကိုအစိုးမရပါစေနှင့်။ထိုသို့သောအားဖြင့် အကျွန်ုပ်သည်ဖြောင့်မတ်ခြင်းရှိ၍၊ ကြီးစွာသောပြစ်မှားခြင်းနှင့်ကင်းလွတ်ပါလိမ့်မည်။အကျွန်ုပ်ပြောသောစကားနှင့် စိတ်နှလုံး၏အကြံအစည်သည် ရှေ့တော်၌ နှစ်သက်ဘွယ်ဖြစ်ပါစေသော။ အိုထာဝရဘုရား၊ အကျွန်ုပ်၏ကျောက်၊ အကျွန်ုပ်ကိုရွေးနုတ်တော်မူသောဘုရား။ (ဆာ ၁၉း၁၂-၁၄)**

ရဲရင့်သောအပြစ်များကိုမကျူးလွန်ဖို့ရန် တားမြစ်နိုင်ဖို့မထင်ရှားသည် ဒုစရိုက်အပြစ်များမှ ကင်းစင်စေခြင်းအတွက် ဤခံစားချက်ဖြင့်ပြည့်လျက်ရှိသော ဆုတောင်းခြင်းကိုဉာဏ်ပညာရှိသော ခရစ်ယာန်တိုင်းတို့သည်အဆက်မပြတ်ဆုတောင်းခြင်းမှာထွက်ပေါ်လာလိမ့်မည်ဖြစ်ပါသည်။ ထိုကဲ့သို့နှလုံးသားပါလျက်ဆုတောင်းခြင်းနှင့်တကွ လိုအပ်သောအချိန်တိုင်း၌ မစမှုအတွက်ကျေးဇူးပလ္လင်တော်သို့အဆက်မပြတ်သွားခြင်းအားဖြင့်စင်ကြယ်ခြင်းနှင့်သန့်ရှင်းခြင်းအခြေအနေ၌ သူ၏နှလုံးသားကိုစောင့်ထိန်းလျက်အပြစ်၏ ဤ အစအဦးများကို ဆန့်ကျင်ရန် သူသည် စောင့်ကြည့်လိမ့်မည်ဖြစ်ပါသည်။ အပြင်ဘက်ပိုင်းဆိုင်ရာ (သို့)ရဲရင့်သော အပြစ်များကို ဆန့်ကျင်ရန် စောင့်ကြည့်ခြင်းအားဖြင့်သာ သန့်ရှင်းခြင်းအသက်တာတခုကို အသက်ရှင်ရန်နှင့်ဘုရားသခင်ထံနီးကပ်ခြင်းကို ရှာဖွေနေကြသောသူ (သို့)သူ၏ နှလုံးသားနှင့် စပ်ဆိုင်သော မထင်ရှားခြင်းများ၌ အပြစ်၏ အစအဦးများကို လစ်လျူရှုကြသောသူသည် အလွန်မိုက်မဲလျက် ကျိုးကြောင်းမဆီလျော်သော နည်းလမ်းတခု၌ မှန်ကန်သောအရာတခုကို ကြိုးပမ်းနေခြင်းဖြစ်ပါသည်။

## August 13 (ဩဂုတ် ၁၃)

**ထို့ကြောင့် ငါတို့သည် ခရစ်တော်၏သံတမန်ဖြစ်ကြ၏။ (၂ ကော ၅း၂၀)**

ခရစ်ယာန်များအဖြစ် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ နှလုံးသားများရှေ့၌ ဤအတွေးကို အမြဲတမ်းအလေးထားစောင့်ထိန်းမည်ဆိုလျှင် မည်မျှလောက်သော ဂုဏ်သိက္ခာအပြုအမူတခုကို ကျွန်ုပ်တို့စရိုက်လက္ခဏာထဲသို့ ထပ်ပေါင်းထည့်လိမ့်မည်မဟုတ်ပါလော! ။ မည်မျှလောက်ပုံသဏ္ဍာန်ပြောင်းလဲစေမည့် တန်ခိုးစွမ်းအားတခုဖြစ်လိမ့်မည်မဟုတ်ပါလော ! ။ ယခုကျွန်ုပ်တို့အားဖြင့် မပိုင်ဆိုင်တော့သည့် သေပြီဟု ထင်မှတ်ထားခြင်းခံရသောလူဟောင်း၏နိမ့်ကျပြီး ကြီးပွားလျက်ရှိသော ခံစားချက်များနှင့်အတူ အသစ်သောသတ္တဝါ၏ တိုက်ပွဲ၌ ၎င်းအားမည်မျှလောက်အကူအညီတခုဖြစ်သည်မဟုတ်ပါလော! ။ ကျွန်ုပ်တို့၏နိုင်ငံသားဖြစ်ခြင်းသည် ကောင်းကင်ဘုံ၌ဖြစ်သည်ဟုတမန်တော်မှ ပြောဆိုပါသည်။

လောကထဲ၌ အသက်ရှင်လျက်ရှိနေစဉ် ကျွန်ုပ်တို့သည်လောကနှင့်မဆိုင်ပါ သို့သော် ကျွန်ုပ်တို့၏ သစ္စာခံခြင်းနှင့် နိုင်ငံသားဖြစ်ခြင်းကိုကောင်းကင်ဘုံဆိုင်ရာနိုင်ငံသို့ပြောင်းရွှေ့ခဲ့ပြီးဖြစ်ပါသည်။ ယခုအခါတွင် ကျွန်ုပ်တို့၏နိုင်ငံတော်အား ညွှန်ပြသူများအဖြစ် တစိမ်းများ၊ တပါးအမျိုးသားများကြား လောကကြီးထဲတွင် အသက်ရှင်လျက်ရှိနေစဉ် ကျွန်ုပ်တို့သည် ကိုယ်စားလှယ်များနှင့် သံတမန်များအဖြစ် ရာထူး၏ ဂုဏ်သိက္ခာ၊ ဘုန်းအသရေနှင့် အရေးပါသော တာဝန်ဝတ္တရားနှစ်ခုစလုံးသတိပြုပြီး "စကား၌သော်၎င်း၊ အပြုအမူ၌သော်၎င်း၊ မည်သည့်အရာကိုပဲလုပ်လုပ် သခင်ယေရှု၏နာမ၌လုပ်ဆောင်ကြ" ဟူသော တမန်တော်၏ နုတ်တော်ထွက်စကားများကို မှတ်ဉာဏ်ထဲ၌ ထိန်းသိမ်းထားပါ။

## August 14 (ဩဂုတ် ၁၄)

**တပည့်တော်သည်ဆရာကဲ့သို့၎င်း၊ကျွန်ုပ်သည်သခင်ကဲ့သို့၎င်း၊ဖြစ်လျှင်သင့်လောက်ပေ၏။အိမ်ရှင်ကို ဗေလဇေဗုလ ဟုခေါ်ဝေါ်ကြလျှင် အိမ်သူအိမ်သားတို့ကိုသာ၍ ခေါ်ဝေါ်ကြလိမ့်မည်။(မ ၁၀း၂၅)**

မည်သို့ပင် ကျေးဇူးပြုချင်သောသဘောရှိစွာဖြင့် ထုတ်ဖေါ်ပြောဆိုခဲ့စေကာမူ သမ္မာတရားသည်ဦးတည်ချက်တိုင်း၌ထိုးဖေါက်သော ဓါးတလက်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ သခင်ကြိုတင်ပြောဆိုခဲ့သည့်အတိုင်း မိဘများသည် သားသမီးတို့ကို ဆန့်ကျင်ခြင်းနှင့် သားသမီးတို့သည် မိဘများကို ဆန့်ကျင်ခြင်းတို့ကို ခဏခဏဖြစ်ပေါ်စေမည်ဖြစ်သော သမ္မာတရားဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် မှောင်မိုက်သည် အလင်းကိုမုန်းပြီးဖြစ်နိုင်သောအရာတိုင်း၌ ဆန့်ကျင်သောကြောင့်ဖြစ်ပါသည်။ ဤအကြောင်းအရာနှင့်ပတ်သက်၍ သခင်၏သွန်သင်သင်ချက်များ၏ရှုထောင့်၌ သမ္မာတရားအားမည်မျှပင်ဉာဏ်ပညာနှင့်ပြည့်စုံသောတင်ဆက်ခြင်းသည် ပင်လျှင်လုံးဝဥဿုံအဓိပ္ပါယ်လွဲနိုင်ပြီး သမ္မာတရားအား သစ္စာရှိစွာအစေခံချင်သောသူအယောက်စီတိုင်းသည် နားလွဲမလွဲရန် ဖြစ်နိုင်သမျှအတိုင်းအထူးဂရုပြုရန် အားပေးတိုက်တွန်းထားပါသည်။ ကျွန်ုပ်တို့သည်မည်သည့်မင်းမဲ့စရိုက်ကိုမျှထောက်ခံပြောဆိုခြင်းပါဝင်ခြင်းမရှိသော သမ္မာတရားကို ရှင်းလင်းစွာနားလည်ကြရန်ဖြစ်ပါသည်။ သို့သော် တနည်းအားဖြင့်ဆိုသော် ကျွန်ုပ်တို့သည် ဖြောင့်မတ်ခြင်းနှင့် အမြင့်မားဆုံးသောတရားများ၊ ဘုရားသခင်နှင့်ဆိုင်သောတရားအတွက် ရပ်တည်နေကြသောသူများဖြစ်ကြပါသည်။

## August 15 (ဩဂုတ် ၁၅)

**တဖန်တုံ ညီအစ်ကိုတို့ မတရားစွာပြုသောသူတို့ကို သတိပေးကြလော့။ စိတ်ငယ်သောသူတို့ကိုအားပေး ကြလော့။ အားနည်းသောသူတို့ကိုစောင့်မကြလော့။ ခပ်သိမ်းသောသူတို့အားရှည်သောစိတ်ရှိစေကြလော့။ (၁သက် ၅း၁၄)**

ဘုရားသခင်၏လူတို့ကြားထဲ၌ ဟန်ချက်ညီသောပို၍ကောင်းမွန်မှုသည် အားနည်းသောသူတို့နှင့် ရဲရင့်ခြင်းမရှိကြသောသူတို့ကိုသာမက များစွာရဲရင့်ခြင်းနှင့်မိမိကိုယ်ကိုကြိုးစားအားထုတ်ခြင်းရှိကြသောသူတို့အပါအဝင် လူအပေါင်းတို့အပေါ်တွင် စိတ်ရှည်သည်းခံခြင်း၌ ပြုမူကျင့်ဆောင်၍ ထောက်မခြင်းနှင့် အတူကြည့်သင့်သည်ဟူသောအရာကို ရည်ညွှန်းဟန်ထင်မြင်ရပါသည်။ အသိပညာ၌ ကြီးထွားခြင်းသည် ဤစိတ်ရှည်သည်းခံခြင်းနှင့်စပ်ဆိုင်သော ကျေးဇူးတော်၌ ကြီးထွားရန် ကျွန်ုပ်တို့အားကူညီပါသည်။ ကျွန်ုပ်တို့နှင့်အတူရှိသောကောင်းကင်ဘုံရှင်ခမည်းတော်ဘုရားသခင်၏စိတ်ရှည်သည်းခံခြင်းကိုပို၍အသိအမှတ်ပြုသည့်အတိုင်း အခြားသူတို့အား ဤနိယာမသဘောတရားကိုအာရုံစူးစိုက်ရန် ကျွန်ုပ်တို့အားကူညီပါသည်။ကောင်းကင်ဘုံရှင် ခမည်းတော်ဘုရားသခင်သည် မည်သူ့ကိုမဆိုကျေးဇူးပြုကာခေါ်တော်မူပြီး ခေါ်တော်မူခြင်းနှင့်ပတ်သက်၍ ဘုရားသခင်နှင့်အတူ ကျွန်ုပ်တို့သည်မည်ကဲ့သို့ ပူးပေါင်းလုပ်ဆောင်လိမ့်မည်ကိုအလွန်ဂရုစိုက်ရန် ကျွန်ုပ်တို့အားပြုလုပ်လျက် လမ်းကျဉ်း၌ ကျွန်ုပ်တို့သခင်၏ ခြေတော်ရာများနောက်သို့ ကျွန်ုပ်တို့နှင့်အတူလျှောက်ရန်ရှာဖွေကြသောသူအပေါင်းတို့အား ဖြစ်နိုင်သမျှအတိုင်း ကူညီထောက်မမှုရှိရန်ဟူသောရည်ရွယ်ချက် ဖြစ်ပါသည်။

## August 16 (ဩဂုတ် ၁၆)

**အရာရာ၌ ကျေးဇူးတော်ကိုချီးမွမ်းကြလော့။ (ဧ ၅း၁၈)**

ဘုရားသခင်နှင့်အတူ မိသာဟရဖွဲ့ခြင်းနှင့် သူ၏အလိုတော်အား အပြည့်အဝလုပ်ဆောင်ခြင်း၌ရှိသောနှလုံးသား၏အခြေအနေကိုရရှိပြီးသော ဘုရားသခင်၏လူတို့သည် နေ့ရက်တရက်စီတိုင်း၏ အစအဦး၌ သူ၏ကောင်းကြီးမင်္ဂလာကိုပြင်းထန်စွာတောင်းဆိုလျက် နေ့ရက်တိုင်း၏အဆုံးတွင် သူတို့၏ကျေးဇူးတင်ရှိကြောင်းကိုဖော်ပြရုံသာမက သူတို့၏ရှိသမျှအားလုံးကို ဘုရားသခင်ထံသူတို့သည် ဆက်သခဲ့ပြီးဖြစ်သည်ကို ပြန်လည်သတိရအောင်မေ့ဖို့ရန်ကို ရှာဖွေပြီး ဘဝ၏အငန်းအတာအားလုံးတို့၌ သူအား ယုံကြည်ခြင်းအားဖြင့် မြော်ကြည့်ကြပါသည်။ ဤအရာသည် ကျွန်ုပ်တို့နှင့်ပတ်သက်၍ ဘုရားသခင်၏အလိုတော်ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် သူ၏အလိုတော်နှင့် သူ၏ကောင်းကြီးမင်္ဂလာအတွက်အဆက်မပြတ်အလွန် လေးစားရှိသေခြင်းနှင့်စပ်ဆိုင်သောသဘောထားမျိုး၌ အသက်ရှင်ရန်သူသည် အလိုရှိပါသည်။ သူသည် ကျွန်ုပ်တို့နှင့်ပတ်သက်၍ ၎င်းကိုအလိုရှိပါသည်။အဘယ်ကြောင့်ဆိုသော်၎င်းသည် ကျွန်ုပ်တို့၏ခေါ်တော်မူခြင်းနှင့် ရွေးချယ်တော်မူခြင်းကိုသေချာအောင်ပြုလုပ်ခြင်း၌ ကျွန်ုပ်တို့အားအကောင်းဆုံးကူညီလိမ့်မည်ဖြစ်ပြီး လမ်းကျဉ်း၌ ကျွန်ုပ်တို့၏တိုးတက်ဖွံ့ဖြိုးခြင်းအတွက် အလွန်အကူအညီဖြစ်သော အခြေအနေဖြစ်လိမ့်မည်ဖြစ်သောကြောင့် ဖြစ်ပါသည်။

## August 17 (ဩဂုတ် ၁၇)

**ဝိညာဉ်တော်၏အရှိန်ကိုမငြိမ်းစေကြနှင့်။ (ဧ ၅း၁၉)**

သူ၏လူတို့အကြားထဲ၌ သခင်ဘုရား၏စိတ်သဘော(စိတ်ဝိညာဉ်)ကို သခင်ဘုရားနှင့်သူ၏အမှုအရေးနှင့်ဆက်နွယ်လျက်ရှိသောသူအားလုံးတို့အတွက် "ဘုရားသခင်နှင့်စပ်ဆိုင်သောချစ်ခြင်းမေတ္တာ၏မီးလျှံတခု" နှင့်နှိုင်းယှဉ်ထားပါသည်။ သန့်ရှင်းသောဝိညာဉ်တော်ကို အစပြုမွေးဘွားသောအခါ- ဤမီးလျှံအား ဘုရားသခင်၏ သမ္မာတရားသတင်းစကားအားဖြင့် တဦးချင်းစီအယောက်စီတိုင်း၌ တွန်းတောက်စေပါသည်။ ထို့ကြောင့် ထိုဝိညာဉ်တော်၏ ဦးဆောင်လမ်းပြမှုအောက်၌ တစ်စုတပေါင်းတည်းဖြစ်စွာ အသင်းတော်အား ပိုင်ဆိုင်ပါသည်။ အသင်းတော်သည် အသိပညာ၌၄င်း၊ ချစ်ခြင်းမေတ္တာ၌၄င်း၊ သခင်ဘုရားနှင့်အတူ မိသာဟာရဖွဲ့ခြင်း၌၄င်း၊ ကြီးထွားသည့်ပမာဏနှင့်အညီ "ဤချစ်ခြင်းမေတ္တာနှင့်စပ်ဆိုင်သောမီးလျှံ" သည် မဖုံးကွယ်နိုင်သော တောင်ပေါ်၌ တည်ထားသည့်မြို့တမြို့ကဲ့သို့ လောက၌အလင်းတခုကိုပြုလုပ်လိမ့်မည်ဖြစ်ပါသည်။

## August 18 (ဩဂုတ် ၁၈)

**ခပ်သိမ်းသောအရာတို့ကိုစုံစမ်း၍၊ ကောင်းသောအရာကို အမြဲကိုင်စွဲကြလော့။ (၁သက် ၅း၂၁)**

ပရောဖက်ပြုခြင်းနှင့်လူထုနှင့်ဆိုင်သောဟောပြောခြင်းနှင့်ပတ်သက်၍ သူတို့သည် ဘယ်လိုဘဲရောက်ရှိလာစေကာမူ ဘုရားသခင်၏လူတို့သည်သင့်လျော်သော စုံစမ်းစစ်ဆေးခြင်း၊ ဝေဖန်ခြင်းမရှိဘဲ သူတို့ကြားနိုင်သောအရာများကို လက်မခံဖို့ရန် ကြားသည့်ပမာဏနှင့်ညီလျော်စွာ လေ့လာသင့်ပါသည်။ သူတို့ကြားသောအရာအားလုံးကို သူတို့သည်စုံစမ်း၍ ဘယ်အရာသည် ယုတ္တိဗေဒ (အဓိပ္ပါယ်ရှိသော)ဆိုင်ရာဖြစ်သည် ဘယ်အရာသည် သမ္မာကျမ်းစာဆိုင်ရာထောက်ခံမှုရှိသည်နှင့်ဘယ်အရာသည် မှန်းဆသည့်အရာဖြစ်သည် ဘယ်အရာသည် လိမ္မာပါးနပ်စွာလှည့်စားသည့်အရာဖြစ်သည်ကို စိတ်နှလုံးမှ ပိုင်းခြားသိမှတ်တတ်ခြင်းအား (လေ့ကျင့်) အသုံးပြုသင့်ပါသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်၏ စစ်ဆေးမှုကိုခံရပ်နိုင်သော အရာခပ်သိမ်းကို စွဲကိုင်ခြင်းအမြင်ရှုထောင့်နှင့်အတူ သူတို့ကြားရသောအရာများကို သူတို့သည်စုံစမ်းသင့်ပါသည်၊ထိုအရာကိုပင် သန့်ရှင်းသောဝိညာဉ်တော်၏ညီညွှတ်မှု၌ ရှိရန်ပြသလျက် ဤစစ်ဆေးမှုများကိုခံရပ်နိုင်လိမ့်မည်မဟုတ်သော မည်သည့်အရာကိုမဆို သူတို့သည်ချက်ချင်းလျှင်မြန်စွာ ငြင်းပယ်သင့်ပါသည်။

## August 19 (ဩဂုတ် ၁၉)

**မကောင်းသောအမှုအမျိုးမျိုးရှိသမျှကိုရှောင်ကြလော့။ (၁သက် ၅း၂၂)**

ကောင်းသည့်ပုံသဏ္ဍာန်၌ရှိသည်ဖြစ်စေ (သို့) မကောင်းသည့်ပုံသဏ္ဍာန်၌ရှိသည်ဖြစ်စေ မကောင်းသောအမှုအမျိုးမျိုးရှိသမျှတို့ကို ခုံခံ၍ဆန့်ကျင်တွန်းလှန်ကြရမည့်တိုက်တွန်းနှိုးဆော်ခြင်းဖြစ်ပါသည်။ မကောင်းသောသွင်ပြင်အမှုအမျိုးမျိုးတို့မှရှောင်ရန်သည် တခြားတွေးထင်ရမည့်အရာဖြစ်ပြီး မူလအရင်းအမြစ်၌တမန်တော်၏စကားများမှ ခြားနားသောအရာတခုဖြစ်ပါသည်။ သို့သော်လည်း သူတို့သည်ခိုင်ခံ့သောအခြေခံနိယာမသဘောတရားတခုကိုသာရည်ညွှန်းကြပါသည်။ သူတို့၏သဏ္ဍာန်(သို့)အသွင်အပြင်သည် မည်ကဲ့သို့ဖြစ်ပါစေမကောင်းသောအမှုအမျိုးမျိုးမှ ကျွန်ုပ်တို့သည်အမှန်တကယ်ရှောက်သင့်ကြရုံသာမက ကျွန်ုပ်တို့၏မိတ်ဆွေသူငယ်ချင်းများ (သို့) အိမ်နီးချင်းများနားလည်လွဲနိုင်ပြီး မကောင်းဟုစဉ်းစားသောအရာများ (ကျွန်ုပ်တို့ဘက်၌ကောင်းသည်ဟု ကျွန်ုပ်တို့သိသောအရာများ) ကိုလုပ်ဆောင်ခြင်းမှဖြစ်နိုင်သမျှအတိုင်း ရှောင်သင့်ကြပါသည်။ စိတ်ဝိညာဉ်သည်အမျိုးမျိုးသော သဏ္ဍာန်၌ မကောင်းသောအမှုသာမက မကောင်းသည့်သွင်ပြင်လက္ခဏာတခုရှိသည်ကိုပင်လျှင် ရှောင်သင့်သည်ဟု မိန့်မှာပါသည်။ ထို့ကြောင့်သခင်ဘုရားနှင့် သမ္မာတရားအတွက် ကျွန်ုပ်တို့၏ အစွမ်းသတ္တိသည် ပို၍ကြီးမားလာနိုင်ပါသည်။

## August 20 (ဩဂုတ် ၂၀)

**လမ်း၌သွား၍သင်တို့၏ဘုရားများကိုကြည့်ရှုသည်တွင် ငါတို့မသိသောဘုရားသခင်အဘို့ ဟူ၍ အက္ခရာတင်သော ယဇ်ပလ္လင်တခုကို တွေ့ပါ၏။ သင်တို့သည်မသိဘဲလျက်ကိုးကွယ်သော ဘုရားသခင်၏အကြောင်းကိုငါဟောပြော၏။ (တ ၁၇း၂၃)**

တမန်တော်၏နည်းလမ်းကိုအတုယူခြင်းအတွက်ထိုက်တန်ပါသည်။ ပညာရှိအားလုံးတို့သည် ဆန်းသစ်ခြင်းကိုယုံကြည်မှုကင်းမဲ့ပြီး ကြာမြင့်စွာရှိနေသော ဘယ်အရာမဆိုတန်ဖိုးရှိသည်ဟုပြောဆိုပါသည်။ တမန်တော်များနည်းတူ ကျွန်ုပ်တို့သည်စစ်မှန်သော ဧဝံဂေလိသည် အသစ်သောသီအိုရီတခုမဟုတ်ပါ။ ကြာမြင့်ပြီးဖြစ်သော သီအိုရီတခုဖြစ်ပြီး အသစ်သောဧဝံဂေလိတရားတခုမဟုတ်ပါ။ ကြာမြင့်လှပြီဖြစ်သော ဧဝံဂေလိဖြစ်ပါသည်။ အာဗြဟံထံ ကြိုတင်ပြောဆိုခဲ့တော်မူသောဧဝံဂေလိဖြစ်ပြီး ကျွန်ုပ်တို့၏သခင်ယေရှုနှင့် သူ၏တမန်တော်များအားဖြင့်ကြော်ငြာခဲ့သော ဧဝံဂေလိဖြစ်ပါသည်၊အမှောင်ခေတ်များ၌ သူ၏မူလအစရှိခဲ့သောဒီကနေ့ဖြစ်ပေါ်လျက်ရှိသောအမှားများကို ကျွန်ုပ်တို့ပြသမည့်အတိုင်းအတာပမာဏ၌ ကျွန်ုပ်တို့သည် အသစ်သောသီအိုရီတခုကို မှားယွင်းသောအရာများနည်းတူပြုလုပ်နေကြသည်မဟုတ်ဟု ပြသကြရမည်ဖြစ်ပါသည်။ သို့သော် ကျွန်ုပ်တို့သည် အမှောင်ခေတ်များ၏ အမှားများကိုစွန့်ပစ်ကြပြီး သခင်ဘုရားနှင့်သူ၏အခွင့်အာဏာပေးခဲ့သောတမန်တော်များ၊ ကိုယ်စားလှယ်များအားဖြင့်ကြော်ငြာခဲ့သော ဧဝံဂေလိနှင့်စပ်ဆိုင်သော ပထမအခြေခံသဘောတရားများ၊ နည်းဥပဒေများနှင့်ညွှန်ကြားချက်များသို့ ပြန်သွားကြရမည်ဖြစ်ပါသည်။

## August 21 (ဩဂုတ် ၂၁)

**ဘုရားသခင်၏ နိုင်ငံတော်နှင့်ဖြောင့်မတ်ခြင်းတရားတော်ကို ရှေးဦးစွာရှာကြလော့။ နောက်မှ ထိုအရာများကိုထပ်၍ပေးတော်မူလတံ့။ (မ ၆း၃၃)**

ဝိညာဉ်ပိုင်းဆိုင်ရာ ဣသရေလနှင့်စပ်ဆိုင်သော ဘုရားသခင်၏လူတို့သည် စိတ်နှလုံးထဲ၌ ဤအတွေးကို အဆက်မပြတ်သယ်ဆောင်ရန် ကောင်းစွာလုပ်ဆောင်ကြမည်ဖြစ်ပါသည်။ ဝိညာဉ်ပိုင်းဆိုင်ရာ စိတ်ပါဝင်စားခြင်းများကို ပို၍အခွင့်အရေးပေးခြင်း၊ တဒဂ်ဆိုင်ရာအင်နေးအတာများကိုထာဝရပျော်ရွှင်မှု၏အမြင်ရှုထောင့်မှ ၄င်း၊ ဝိညာဉ်ပိုင်ဆိုင်ရာကြီးထွားတိုးတက်ခြင်းနှင့် အောင်မြင်ခြင်း၏အမြင်ရှုထောင့်မှ၄င်း၊ သူတို့၏သားသမီးများအပေါ်တွင် အကောင်းဆုံးစိတ်ဝင်စားခြင်းနှင့်သက်ရောက်မှုများ၏အမြင်ရှုထောင့်မှ၄င်း၊ စီမံ၍ထိန်းချုပ်ကာ ကောင်းစွာလုပ်ဆောင်ကြမည်ဖြစ်ပါသည်။ သူတို့သည် သူတို့နှင့် သူတို့မိသားစုများကို အကျိုးမဲ့သော၊ ဘုရားမဲ့သော ဝန်းကျင်ပတ်ပတ်လည်ရှိ အရာခပ်သိမ်းထဲသို့ ဆောင်ယူလိမ့်မည်ဖြစ်သော မည်သည့်အကြံပေးခြင်းနောက်သို့မဆိုလိုက်ရန် တုံ့ဆိုင်းနေရုံသာမက ဤကဲ့သို့သောအကြံပေးမှုများနောက်သို့ သူတို့သည် လိုက်ရန်မည်သည့်စဉ်းစားဆင်ခြင်းမျိုးအောက်တွင်မှမရှိဘဲ တနည်းအားဖြင့်ဆိုသော် ဤအကြံပေးခြင်းသည် (ဘုရားသခင်၏လူတို့ထံမှ) ယခုလက်ရှိဘဝနှင့်စပ်ဆိုင်သော ကျေနပ်နှစ်သိမ့်မှုများနှင့်စည်းစိမ်များအတွက် ပမာဏသည် နည်းသည်ဆိုပေမယ့်လည်း ဘုရားသခင်၏ လူတို့သည် သူတို့၏လူတို့ဖြစ်သင့်ကြပါသည်။

## August 22 (ဩဂုတ် ၂၂)

**ယေရှုက မိဘသည်အဘယ်ကြောင့် အကျွန်ုပ်ကိုရှာရပါသနည်း။ အကျွန်ုပ်သည်အဘ၏အိမ်၌ နေရသည်ကို မသိသလောဟုပြောဆိုလျှင်။ (Father's business)(လု ၂း ၄၉)**

သူ၏နှုတ်ထွက်စကားအားဖြင့်ဖော်ပြခဲ့သော သခင်၏စိတ်သဘောကို ကျွန်ုပ်တို့အားလုံး၌ရှိသင့်ကြသည် မဟုတ်ပါလော! ဘုရားသခင်၏စစ်မှန်သောသန့်ရှင်းသူတို့တွင် သူတို့၏ကိုယ်ပိုင်နှင့်စပ်ဆိုင်သော အမှုအရေးကိစ္စမရှိကြပါ၊ အဘယ်ကြောင့်ဆိုသော် ဆက်ကပ်အပ်နှံခြင်း၌ သူတို့၏အရာအားလုံးကိုပေးအပ်ခဲ့ပြီးဖြစ်ခြင်းကြောင့်ဖြစ်ပါသည်။ ထာဝရဘုရားအား ခိုလှုံသောသူအဖြစ် သူတို့၏အမှုအရေးကို သူတို့သည်စီမံကြပါသည် အောင်မြင်ကြွယ်ဝသောအခြေအနေ၌ သူတို့၏သေခြင်းတွင် သူတို့၏သားသမီးများ (သို့) သူတို့၏မိတ်ဆွေများ၊ သူတို့၏ဖြစ်ကောင်းဖြစ်နိုင်သော ထိခိုက်ခြင်းများအတွက်လွှဲအပ်ဖို့မဟုတ်ပါ။ သေခြင်းမတိုင်မှီ မည်ကဲ့သို့လုပ်ဆောင်ရမည်ကို သူ့တွင်ဉာဏ်ပညာရှိသမျှအတိုင်း ခိုလှုံသူအနေဖြင့် အသုံးပြုရန်ဖြစ်ပါသည်။အဘယ်ကြောင့်ဆိုသော် သူ၏ခိုလှုံခြင်းပြီးဆုံးသွားသောအခါ သူ၏စာရင်းကို သူသည်ပြန်ပေးအပ်ရမည်ဖြစ်သောကြောင့်ဖြစ်ပါသည်။

## August 23 (ဩဂုတ် ၂၃)

**ယခုတွင် ယုံကြည်ခြင်း၊ မြော်လင့်ခြင်း၊ ချစ်ခြင်း ဤသုံးပါးတည်လျက်ရှိ၏။ဤသုံးပါးတို့တွင် ချစ်ခြင်းမေတ္တာသည် အမြတ်ဆုံးဖြစ်သတည်း။ (၁ကော ၁၃း၁၃)**

ချစ်ခြင်းမေတ္တာသည်အလွန်အမွန်မြတ်ဆုံးဖြစ်သကဲ့သို့ အလွန်ကြာရှည်ခံတည်ရှိပါသည်။အကြောင်းမူကား ကျွန်ုပ်တို့သည် အစုံအလင်တွေ့မြင်လျက်သိရှိကြသောအခါ ယုံကြည်ခြင်းသည် အမှန်တကယ်အဆုံးသို့ရောက်ရှိလာမည်မဟုတ်ပါလော! ကျွန်ုပ်တို့မြော်လင့်ခြင်းများအားလုံးတို့၏ရလဒ်သို့ရောက်ရှိပြီး ကောင်းကင်ဘုံရှင်ခမည်းတော်ဘုရားသခင်၏ ဂတိတော်များ၏ပြည့်စုံခြင်းကိုပိုင်ဆိုင်သောသူများဖြစ်လာကြသောအခါ မြော်လင့်ခြင်းသည်လည်း အမှန်တကယ်အဆုံးသို့ ရောက်ရှိမည်မဟုတ်ပါလော! ဘယ်လိုပဲဖြစ်ဖြစ် ချစ်ခြင်းမေတ္တာသည်အစအဆုံးမရှိသော်လည်း ဘယ်တော့မှကျရှုံးလိမ့်မည်မဟုတ်ပါ။ ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်ပါသည်။ သူ့တွင်အစအဆုံးမရှိသောကြောင့် ချစ်ခြင်းမေတ္တာသည်လည်း အစအဆုံးမရှိပါ။ အဘယ်ကြောင့်ဆိုသော် ၄င်းသည် သူ၏ဂုဏ်အင်္ဂါ၊ စရိုက်လက္ခဏာဖြစ်သောကြောင့်ဖြစ်ပါသည်။ သူသည် ထာဝရတည်ရှိသကဲ့သို့ ချစ်ခြင်းမေတ္တာ သည်လည်းထာဝရတည်ရှိမည်ဖြစ်ပါသည်။

## August 24 (ဩဂုတ် ၂၄)

**ယခုမှစ၍ အကျွန်ုပ်သည် ဤလောက၌မရှိပါ။ဤသူတို့ကား ဤလောက၌ ရှိရစ်ကြပါမည်၊အကျွန်ုပ်သည်ကိုယ်တော်ထံသို့ သွားရပါမည်၊ သန့်ရှင်းတော်မူသောအဘ၊ ကိုယ်တော်နှင့်အကျွန်ုပ်သည် တလုံးတဝတည်းဖြစ်သကဲ့သို့ ကျွန်ုပ်အားပေးတော်မူသော ဤသူတို့သည်ဖြစ်ရပါမည်အကြောင်း သူတို့ကိုကိုယ်တော်နာမ၌တည်စေတော်မူပါ။ (ယော ၁၇း၁၁)**

အသင်းတော်နှင့်စပ်လျဉ်း၍ သခင်၏သဘောထားများနှင့်ပတ်သက်၍ ဤလုပသောဖော်ပြချက်ကို စဉ်းစားဆင်ခြင်ရန် ကျွန်ုပ်တို့သည်ရောက်ရှိလာသည့်အတိုင်း ဘုရားသခင်နှင့်စပ်ဆိုင်သော မိသားစု၏မင်္ဂလာရှိသောတလုံးတဝတည်းဖြစ်ခြင်း၏ ဘုန်းအသရေအရိပ်အမြွက်တခုကို ကျွန်ုပ်တို့သည်တွေ့မြင်ကြရပါသည်။ ဤတလုံးတဝတည်းဖြစ်ခြင်းသည်ရည်ရွယ်ချက်၌ တလုံးတဝတည်းဖြစ်ခြင်း၊ ချစ်ခြင်းမေတ္တာ၌ တလုံးတဝတည်းဖြစ်ခြင်း၊ ဂုဏ်အသရေ၌တလုံးတဝတည်းဖြစ်ခြင်း၊ နှင့်အပြန်အလှန်ဖြစ်သော ပိုင်ဆိုင်မှုတို့၌တလုံးတဝတည်းဖြစ်ခြင်း၊ဖြစ်ပါသည်။ကျွန်ုပ်တို့၏ သခင်ဖော်ပြခဲ့သော ဤတလုံးတဝတည်းဖြစ်ခြင်းသည် သူကိုယ်တိုင်နှင့်ခမည်းတော်ကြားတည်ရှိပြီးဖြစ်သော်လည်း သူ၏တပည့်တော်များအနေနှင့်ကတော့ ဤတလုံးတဝတည်းဖြစ်ခြင်းသည်ရှိခဲ့ပြီး ယခုထိတိုင်မျှော်မှန်းထားသည့်အရာ (ဖြစ်လိုသည့်အရာ)ဖြစ်ပြီး ၄င်းအားပြည့်စုံပြီးမြောက်ခြင်းသည် ကျွန်ုပ်တို့ကို ရည်မှန်းချက်ထားရန်သွန်သင်ထားသည့်စိတ်အာရုံထဲတွင် အာရုံထင်လျက်ရှိသောပန်းတိုင်ဖြစ်ပါသည်။

## August 25 (ဩဂုတ် ၂၅)

**ချစ်သူတို့ ယခုတွင်ငါတို့သည် ဘုရား၏သားဖြစ်ကြ၏။နောက်မှအဘယ်သို့သောသူဖြစ်မည်ဟု မထင်ရှားသေး။သို့သော်လည်း ကိုယ်တော်သည်ထင်ရှားပေါ်ထွန်းတော်မူသောအခါ၊ ငါတို့သည်ကိုယ်တော်နှင့်တူကြလတ့်ဟု ငါတို့သိကြ၏။အကြောင်းမူကား ကိုယ်တော်ဖြစ်တော်မူသည်အတိုင်းကို ငါတို့သည်မြင်ရကြလတ့်။ (၁ယော ၃း၂)**

ကျွန်ုပ်တို့၏ရှင်ပြန်ထမြောက်ခြင်းပြောင်းလဲမှု အတွေ့အကြုံကို ကျွန်ုပ်တို့သည်မကြာမီတွေ့ကြုံကြရမည် ဖြစ်ပြီး ကျွန်ုပ်တို့၏ချစ်လှစွာသောရွေးနုတ်တော်မူသောသူနှင့်တူရကြမည်ဖြစ်ကာ သူဖြစ်သည့်အတိုင်းသူ့ကို မြင်ကြလျက်၊ ကြီးစွာသောပေါ်ထွန်းတော်မူခြင်း၌ သူ၏ဘုန်းအသရေကိုမျှဝေခြင်း (သို့) နိုင်ငံတော်၏ဘုန်း အသရေ၌ ဘုရားသခင်၏သားတို့၏ ထင်ရှားပေါ်တွန်းခြင်းရှိကြမည်ဟူသော မြော်လင့်ခြင်းသည် ကျွန်ုပ်တို့ အားထူးခြားသောခံစားစိတ်နှင့်တုံ့ပြန်လိုမှုကိုဖြစ်ပေါ်စေကြပါစို့။ ဤအရာသည် ကျွန်ုပ်တို့၏ နှလုံးသားတို့နှင့် လျှော့နေသော ကျွန်ုပ်တို့၏ နုတ်များကိုခွန်အားဖြစ်စေလျက် ကျွန်ုပ်တို့၏ သခင်နှင့်ယုံကြည်ခြင်းအိမ်သူအိမ် သားတို့ကိုအစေခံရန်တာဝန်၊ အခွင့်အရေးနှင့်အခွင့်အလန်းတိုင်းတို့အတွက် ကျွန်ုပ်တို့အား သန့်စွမ်းစေကြပါ စို့၊ ရာစုနှစ်ပေါင်းများစွာကြာ ဤမြော်လင့်ခြင်းသည် ဘုရားသခင်၏လူတို့အတွက် ကျောက်ဆူးတခု ဖြစ်ခဲ့ သည်ဆိုလျှင် သူ၏ထင်ရှားပေါ်ထွန်းခြင်း (သို့) နိုင်ငံတော်၏ ဘုန်းအသရေ၌ သူ၏ဖွင့်ပြခြင်းကိုစောင့်ဆိုင်း လျက်၊ ယခုသူ၏မျက်မှောက်၌ရောက်ရှိနေသော အချိန်ကာလ၌အသက်ရှင်လျက်ရှိကြသော ကျွန်ုပ်တို့အတွက် ဤမြော်လင့်ခြင်းသည် မည်မျှလောက်အရေးပါသည်မဟုတ်ပါလော!။

## August 26 (ဩဂုတ် ၂၆)

**မေတ္တာသည် --------- ကျေးဇူးပြုတတ်၏။ (Kind) ၁ကော ၁၃း၄**

လမ်း၌ သူတို့တွေ့မြင်နိုင်သော မှားယွင်းစွာလုပ်ဆောင်သူတိုင်းအားပြစ်တင်ခြိမ်းခြောက်ပြောဆိုရန်သည် ဘုရားသခင်၏ လူတို့၌ မလိုအပ်တော့ပါ။ လှပခြင်း၏အပြုအမူလမ်းတလျှောက်တွင် သူတို့၏လိုအပ်ချက်ကို မြင်တွေ့နိုင်သည့် ရိုးစင်းသည့် ပုဂ္ဂိုလ်အားလုံးကို ပြောရန်သည်သူတို့၏တာဝန်ဖြစ်ပါသည်၊ ယဉ်ကျေးသိမ်မွေ့ ခြင်းသည် ခရစ်ယာန်စရိုက်လက္ခဏာမှ အစိတ်အပိုင်းတခုအမြဲဖြစ်ပါသည်။ လောက၌ ၄င်းသည်အရောင် တင်ခြင်းတခုဖြစ်နိုင်ပြီး ခရစ်ယာန်၌မူ အပေါ်ယံတခုမျှသာမဟုတ်ဘဲ ချစ်ခြင်းမေတ္တာသဘောနှင့်စပ်ဆိုင်သော အပြုအမူများတလျှောက် ဖွံ့ဖြိုးတိုးတက်လာသော နှလုံးသားထဲမှ စစ်မှန်သောခံစားချက်ကိုရည်ညွှန်းပါသည်။ ချစ်ခြင်းမေတ္တာသည် နူးညံ့သိမ်မွေ့ခြင်း၊ သည်းခံခြင်း၊ ကြင်နာခြင်း၊ ကျေးဇူးပြုခြင်း၊ စသည်တို့ကိုပေးကာ၊ မနာခံခြင်းနှင့်စပ်ဆိုင်သောအခြေအနေ၌ပင်လျှင် ၄င်းသည်မကြင်နာသောစကားတခွန်းကို ပြောရန်ပင် တုံ့ ဆိုင်းနေမည်ဖြစ်ပြီး တာဝန်ဝတ္တရားကိုပြုလုပ်ခွင့်ပေးမည့်အတိုင်း ရှောင်ရှားမည်ဖြစ်ပါသည်။

## August 27 (ဩဂုတ် ၂၇)

**သို့ဖြစ်လျှင် ယခုမှစ၍ ငါတို့သည် ဇာတိအမျိုးကိုထောက်၍ အဘယ်သူကိုမျှမသိမမှတ်။ ဇာတိအမျိုးကို ထောက်၍ ခရစ်တော်ကို အထက်ကသိမှတ်သော်လည်း၊ ယခုမှစ၍ ထိုသို့သောသိမှတ်ခြင်းမရှိ။ (၂ကော ၅း၁၆)**

ကျွန်ုပ်တို့ကိုယ်တိုင်၌ဖြစ်စေ (သို့)ကိုယ်ခန္ဓာမှ အခြားအင်္ဂါများတို့၌ဖြစ်စေ ဇာတိ၏ချို့ယွင်းချက်များကို အာရုံစူးစိုက်မှုမပေးတော့ဘူးဟူ၍ တမန်တော်ရှင်ပေါလုမှဆိုလိုခဲ့ခြင်းမဟုတ်ပါ။ဇာတိဆိုင်ရာအားနည်းချက် အားလုံးတို့ဆန့်ကျင်ရန်ကြိုးပမ်းသင့်ကြပြီး၊ သူတို့သည်အသစ်သောသတ္တဝါ၏စိတ်ပါဝင်စားခြင်း၌ တင်းမာ သောပြုမူဆက်ဆံခြင်းကို မကြာခဏတောင်းဆိုနိုင်ပါသည်။သို့သော်လည်းအသစ်သောသတ္တဝါနှင့် အားနည်း

ပြီး၊ သေနိုင်သောသူ၏ ခန္ဓာကိုယ်အကြားခြားနားခြင်းကိုထင်ရှားစွာ ကျွန်ုပ်တို့သည် ပြသကြရမည်ဖြစ်ပြီး ညီအစ်ကိုများနှင့်အတူ စာနာနားလည်လျက်ချစ်ခင်ကြရမည်ဖြစ်ကာ တဖက်တွင်လည်း သူ၏အကျိုးအမြတ်အတွက်၌သော်၄င်း၊ အသင်းတော်၏အကျိုးအမြတ်အတွက်၌သော်၄င်း၊ ပြင်းထန်စွာဆုံးမရန် (သို့) ကန့်ကွက်ရန် (သို့မဟုတ်) သူ၏မှားယွင်းသောလမ်းကြောင်းကိုအမှားပြင်ရန်သည် ကျွန်ုပ်တို့အတွက်မဖြစ်မနေလိုအပ်ပါသည်။ ကျွန်ုပ်တို့သည် သီးခြားစီအတန်းအစားနှစ်မျိုးကို သိရှိလာကြသည့်အတိုင်း ဒုတိယအကြိမ်အစပြုမွေးဘွားသောသူသည် ဝိညာဉ်ပိုင်းဆိုင်ရာအရာများကို ဂရုပြုနေစဉ် ဒုတိယအကြိမ်အစပြုမွေးဘွားခြင်းမရှိသောသူသည် (အစပြုသန္ဓေတည်ခြင်း) ဇာတိဆိုင်ရာအရာများကို ဂရုပြုသည်ဟူသောအရာသည် တမန်တော်၏အဓိပ္ပါယ်ဖွင့်ဆိုချက်ဖြစ်ပါသည်။

## August 28 (ဩဂုတ် ၂၈)

**နုတ်ကပတ်တရားတော်ကို ဟောပြောလော့၊အချိန်ရှိသည်ဖြစ်စေ၊မရှိသည်ဖြစ်စေ၊ကြိုးစားအားထုတ်လော့။ (၂ တိ ၄း၂)**

သူတို့အတွက်မသင့်လျော်သော၊ အဆင်မပြေသောအချိန်၌ အခြားသူတို့အားဝမ်းမြောက်ဘွယ် ဧဝံဂေလိတရားကိုမဖိတ်ဘဲကျူးကျော်ဝင်ရောက်ခြင်းအားဖြင့် အကျိုးအကြောင်းနှင့်လူအများလက်ခံနိုင်ခြင်းနှင့်စပ်ဆိုင်သောဥပဒေများကို ချိုးဖောက်ကြရမည်ဟု ဤအရာသည်မဆိုလိုနိုင်ပါ။ သို့သော် ကျွန်ုပ်တို့ကိုယ်တိုင်အတွက် ဘယ်လိုပဲအဆင်မပြေမှုတွေရှိနေနိုင်ပါစေ သမ္မာတရားကိုဝေငှရန် အခွင့်အလန်းကို ကျွန်ုပ်တို့သည် ဝမ်းမြောက်စွာလက်ခံကြမည်ဟု သမ္မာတရားကိုအစေခံရန်ပြင်းပြသောစိတ်အားထက်သန်မှုနှင့်သမ္မာတရားအတွက် ဤကဲ့သို့သော ချစ်တဲ့စိတ် ကျွန်ုပ်တို့တွင်ရှိကြရန်ဖြစ်ပါသည်။ ၄င်းသည် ကျွန်ုပ်တို့၏ ဘဝအသက်တာများအတွက် ဘဝအသက်တာကိုပင်လျှင် ခယ ရသော အဓိကတာဝန်ဖြစ်ပါသည်။ အခွင့်အလန်းမရှိသောအစေခံခြင်းကို ဘေးတွင်ချထားကြရမည်ဖြစ်သည်။

## August 29 (ဩဂုတ် ၂၉)

**ဆုတောင်းလျှင်လည်း ကာမဂုဏ်ခံစားစရာဘို့ရှိစေခြင်းငှာ၊ အလွဲတောင်းသောကြောင့်မရကြ။(ယာ ၄း၃)**

မှန်ကန်စွာဆုတောင်းတတ်ရန် ထိုနည်းတူအမှုတော်၌ မှန်ကန်စွာလုပ်ဆောင်တတ်ရန်နှင့် မှန်ကန်စွာမျှော်လင့်တတ်ရန် ကျွန်ုပ်တို့လေ့လာကြပါစို့။ ထိုသို့လုပ်ဆောင်ခြင်းအလိုငှာ ကျွန်ုပ်တို့သည် နားကြားခြင်းငှာလျှင်မြန်လျက် စကားပြောခြင်းငှာနှေးကွေးကြပြီး ဘုရားသခင်နုတ်ကပတ်တော်နှင့် ကျွန်ုပ်တို့အားသူပေးအပ်ထားပြီးဖြစ်တော်မူသော သင်ခန်းစာနှင့် ကျွန်ုပ်တို့အားသွန်သင်ခြင်း၊ ကျွန်ုပ်တို့အားလမ်းပြခြင်းနှင့် ကျွန်ုပ်တို့အားကောင်းကြီးပေးခြင်းတို့နှင့်စပ်ဆိုင်သော သူ၏နည်းလမ်းကို နားထောင်ခြင်းငှာလျှင်မြန်ကြပါစို့။ကျွန်ုပ်တို့၏နှစ်သက်သောအရာဘယ်အရာဖြစ်သည်ကို သူ့အားပြောရန်နှေးကွေးကြပါစို့၊ ကျွန်ုပ်တို့အားအမြဲတမ်းခွင့်ပြုလိမ့်မည်ဖြစ်သော ခရစ်ယာန်စရိုက်လက္ခဏာတိုးတက်ဖွံ့ဖြိုးခြင်းအားရရှိရန် ကျွန်ုပ်တို့ရှာဖွေကြပါစို့။ ကျွန်ုပ်တို့၏အလိုဆန္ဒများကို မရှာဖွေကြပါစို့နဲ့၊ ကောင်းကင်ဘုံရှင်ကျွန်ုပ်တို့၏ ခမည်းတော်ဘုရားသခင်၏အလိုတော်နှင့်လမ်းကိုရှာဖွေကြပါစို့။

## August 30 (ဩဂုတ် ၃၀)

**ထိုနည်းတူ သူတပါးတို့သည် သင်တို့၏ကောင်းသောအကျင့်ကိုမြင်၍ ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဘ၏ ဂုဏ်တော်ကိုချီးမွမ်းစေခြင်းငှာ၊ သူတပါးရှေ့၌သင်တို့အလင်းကိုလင်းစေကြလော့။(မ ၅း၁၆)**

ဘုရားသခင်ဘိသိတ်ပေးခဲ့တော်မူသောသူသည် အခြားသူအားလုံးတို့အထက် ဦးခေါင်းနှင့်ပုခုံးများ၊ လူတသောင်းအကြား၌ အထွဋ်၊ လုံးဝလှပသောသူဖြစ်လိမ့်မည်မှာအမှန်ဖြစ်လိမ့်မည်ရုံသာမက ယခုမျက်မှောက်ကာလ၌ (လောကတခုလုံးအတွက်ရှင်ဘုရင်အဖြစ်သူ့အားမကြေငြာခင်) ခရစ်တော်ကိုယ်အင်္ဂါတို့နှင့်အတူ အလွန်ရင်းနှီးကျွမ်းဝင်စွာ ပေါင်းသင်းကြသောသူအားလုံးတို့သည် လူတို့၏အငန်းအတာများ၌ ဘုန်းအသရေနှင့်စပ်ဆိုင်သော ဤနေရာအတွက် ဘုရားသခင်ရွေးချယ်နေသောသူတို့၌ စရိုက်လက္ခဏာ၏ ကြီးမားခြင်းနှင့် အရေးပါခြင်းကိုဝန်ခံနိုင်သောအတိုင်းအတာတခုကို စဉ်းစားဆင်ခြင်နိုင်မည်မှာလည်းအမှန်ဖြစ်လိမ့်မည်ဖြစ်ပါသည်။ သူတို့နှင့်ပတ်သက်၍ သူတို့သည် သခင်ယေရှုနှင့်အတူရှိနေကြပြီဟု သူတို့အား သူတို့သည် နားလည်နိုင်ကြမည်ဖြစ်ပြီး သူတို့၏နှလုံးသားကြီးမြတ်ခြင်းနှင့် သူတို့၏ သိက္ခာပိုင်းဆိုင်ရာမြင့်မားမှုများကို မြင်တွေ့ကြမည်ဖြစ်ပါသည်။ သူတို့၌စဉ်းစားဆုံးဖြတ်နိုင်သော စိတ်သဘောကိုလည်း သိမှတ်နားလည်မည်ဖြစ်ပါသည်။

## August 31 (ဩဂုတ် ၃၁)

**အကျွန်ုပ်တို့ကိုးကွယ်သောဘုရားသခင်သည် မီးလောင်လျက်ရှိသော မီးဖိုထဲကအကျွန်ုပ်တို့ကိုကယ်လွှတ်နိုင်တော်မူ၏။ကိုယ်တော်၏လက်မှလည်း ကယ်လွှတ်တော်မူလိမ့်မည်။ထိုသို့ကယ်လွှတ်တော်မမူသော်လည်းအရှင်မင်းကြီးကိုယ်တော်၏ဘုရားတို့ကို အကျွန်ုပ်တို့သည်ဝတ်မပြုပါ၊တည်ထားတော်မူသော ရွှေရုပ်ထုကိုလည်းမကိုးကွယ်ပါဟု ပြန်လျှောက်ကြ၏။ (ဒံ ၃း၁၇-၁၈)**

"အကျွန်ုပ်တို့ကိုးကွယ်သောဘုရားသခင်သည်"ဟူသော နေဗုဒပ်နေဇာ အားဟေဗြဲလူငယ်တို့၏ အဖြေအား သတိပြုထိုက်ပါသည်။ (Our God whom we serve) သူတို့သည် ဘုရားသခင်အား လက်ခံပြီး ကိုးကွယ်ရုံသာမက သူတို့တွင်အခွင့်အလန်းရှိခဲ့သည့်အတိုင်း ဖြည့်စွက်လျက် သူ့အားအစေခံခဲ့ကြပါသည်။ချစ်သောညီအစ်ကိုမောင်နှစ်မများခင်ဗျာ ဟေဗြဲလူငယ်သုံးဦး ပြုလုပ်ခဲ့သည့်အတိုင်း ကျွန်ုပ်တို့၏ ဘုရားသခင်တဆူတည်းကိုသာလျှင် ကိုးကွယ်မည်အစေခံမည်ဟု ကျွန်ုပ်တို့သည်ခိုင်မာစွာဆုံးဖြတ်ချက်ချကြပါစို့။များစွာသောပုံစံများ၌ အယူဝါဒသီးသန့်ဖြစ်၍ကွဲပြားသည့် မည်သည့်အရာများကိုငှင်း၊ ကျော်ကြားခြင်းကိုငှင်း၊သူငယ်ချင်းများကိုငှင်း၊ ကိုယ်ကိုကိုယ်ကိုငှင်း ကိုးကွယ်အစေခံကြမည်မဟုတ်ဟု ကျွန်ုပ်တို့သည် ခိုင်မာစွာဆုံးဖြတ်ချက်ချကြပါစို့။ နံ့ဝိညာဉ်နှင့်ငှင်း သမ္မာတရားနှင့်ငှင်း၊ သူအားကိုးကွယ်သကဲ့သို့ သူအားကိုးကွယ်ရန် ဤကဲ့သို့သောရှာဖွေခြင်းသည် ဘုရားသခင်အား ကျွန်ုပ်တို့၏ အရှင်သခင်နှင့်ဦးခေါင်းဖြစ်သည်ဟု ကြေငြာခြင်းဖြစ်ပါသည်။